DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၁၈)

# ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ့ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား

ကွန်ပျူတာစာစီ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

ထုတ်ဝေသူ
အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ညွှန်ကြားရေးမှူး ဦးဘဟိန်း
မှတ်ပုံတင်အမှတ်(၀၄၃၇၂/၂၀၁၁)က ပုံနှိပ်ထုတ်ဝေသည်။

တရားစာအုပ်များကို
ဓမ္မစာပေ အလှူငွေဖြင့် ပုံနှိပ်ဖြန့်ဝေသည်

# ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား

**မှတ်တမ်း**

သာသနာတော်နှစ် ၂၅၅၇-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၇၅-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂-ရက်နေ့၊ ၂၀၁၄-ခုနှစ် ဖေဖော်ဝါရီလ ၁၆-ရက်၊ တွံတေးမြို့နယ်၊ ကံဘဲ့ စံပြကျေးရွာ စျေးဟောင်းရှေ့ ဓမ္မမဏ္ဍပ်အတွင်း ဆင်ယင်ကျင်းပပြုလုပ်အပ်သည့် ကံဘဲ့စံပြကျေးရွာ အဘိဓမ္မာပြန့်ပွားရေးအဖွဲ့မှ ကြီးမှူးကျင်းပအပ်သော တတိယအကြိမ်မြောက် ဓမ္မပူဇာ ဓမ္မသဘင် အခမ်းအနား၌ ဟောကြားအပ်သော "**ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား**" အကြောင်း တရားဒေသနာတော်။

"ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား"၊ ဗုဒ္ဓဘာသာ ဖြစ်ဖို့အတွက် သဒ္ဓါနဲ့ပညာ ဘယ်ဟာက အခြေခံ ဖြစ်သလဲဆိုတာ ဒီကနေ့ ရှင်းလင်းပြီး ဟောပြောကြ ရအောင်။ အခြေခံကို ရှာဖွေတဲ့အခါမှာ ရှုထောင့် အမျိုးမျိုးတော့ ရှိမှာပေါ့၊ ရှုထောင့်အမျိုးမျိုးကကြည့်ပြီး

ဗုဒ္ဓဘာသာဖြစ်ဖို့ အခြေခံတရားဟာ ဘာလဲ၊ သဒ္ဓါ, ပညာဆိုတဲ့ အခြေခံ သဘာဝနှစ်ခုကို သေသေချာချာ စဉ်းစားပြီးကြည့်၊ သဒ္ဓါဆိုတာ ယုံကြည်တာကို ပြောတာ နော်၊ ပညာဆိုတာ သဘာဝတရားတွေကို မှန်မှန် ကန်ကန် စဉ်းစဉ်းစားစား ကွဲကွဲပြားပြားသိတဲ့ အသိ ဉာဏ်ကိုပြောတာ၊ ဒီတော့ ဗုဒ္ဓဘာသာဖြစ်ဖို့ အခြေခံ တရားဟာ ယုံကြည်မှုဆိုတာက အဓိကလား? အသိ ပညာ ဆိုတာက အဓိကလား?လို့ ပြောမယ်ဆိုလို့ရှိရင် တော့ ရှုထောင့်အမျိုးမျိုးတော့ ရှိမှာပေါ့၊ ဒီရှုထောင့် က ဒီတရားကို ရှင်းလင်းဟောပြပြီးတဲ့အခါမှာ သဒ္ဓါ က အခြေခံတာလား, ပညာက အခြေခံတာလား ဆိုတာ ကို ကွဲကွဲပြားပြားမှတ်သားကြရမှာ ဖြစ်တယ်။

ဘုန်းကြီးတို့ငယ်စဉ်တုန်းက ဥပဇ္ဈာယ်ဆရာတော် ကြီးကို "လူတွေ သဒ္ဓါအားနည်းလို့ မှားမှားယွင်းယွင်း ဖြစ်တယ်" လို့ လျှောက်ထားတဲ့အခါမှာ ဆရာတော်ကြီး က ပြင်ပေးတယ်၊ "သဒ္ဓါ မဟုတ်ဘူး ပညာ" တဲ့၊ အဲဒီ ကတည်းက ခေါင်းထဲမှာ စွဲသွားတယ်၊ အခြေခံ

အကြောင်းတရားဟာ သဒ္ဓါ ဆိုတာ မဟုတ်နိုင်ဘူး၊ ပညာကသာလျှင် အဓိကဖြစ်တယ်လို့။

ကဲ၊ စဉ်းစားကြည့် - သဒ္ဓါသည် ဗုဒ္ဓဘာသာဖြစ်ဖို့ အခြေခံလို့ ပြောမယ်ဆိုလို့ရှိရင် ဒီကနေ့ခေတ် ဗုဒ္ဓဘာသာအပါအဝင် ဘာသာ(၅)မျိုး ကမ္ဘာ့ဘာသာကြီးတွေရှိတယ်၊ အဲဒီကမ္ဘာ့ဘာသာကြီးတွေကို ယုံကြည်ကိုးကွယ်နေကြတဲ့ပုဂ္ဂိုလ်တွေကော သဒ္ဓါမရှိဘူးလားလို့ ပြောမယ်ဆိုရင် ရှိတယ်။ သဒ္ဓါဆိုတဲ့ ပါဠိစကားလုံးကို ကောင်းတဲ့ဘက်မှာပဲ သုံးတယ်။ သို့သော် ဒီနေရာ ယုံကြည်မှုဆိုတဲ့ စကားလုံးနဲ့ပဲ အသုံးပြုရမယ်။ အဋ္ဌသာလိနီအဋ္ဌကထာမှာတော့ "ဘာသာခြားတွေ သူတို့ကိုးကွယ်တဲ့ဘုရား၊ သူတို့ကိုးကွယ်တဲ့တရား၊ သူတို့ကိုးကွယ်တဲ့ဆရာတွေကို ယုံကြည်တာတွေကို သဒ္ဓါလို့ မခေါ်ဘူး" လို့ ဒီလိုဆိုတယ်။

သို့သော် ယုံကြည်မှုမှန်သမျှဟာ သဒ္ဓါလို့ပြောလို့တော့ ရတယ်၊ သဒ္ဓါနဲ့ အလားတူတဲ့ အင်္ဂလိပ် စကားလုံးတစ်လုံးက faith လို့ ပြောတယ်။ faith ဆိုတာ

ယုံကြည်ချက်ပဲ၊ လူတွေက ယုံကြည်မှုကို အခြေခံပြီး တော့ ဘာသာတရားကို ကိုးကွယ်ကြတယ်၊ သာမန် အားဖြင့် ယုံကြည်တယ်ဆိုတဲ့ စကားလုံးရဲ့နေရာမှာ ကြည့်လေ- အသိပညာမပါတဲ့ ယုံကြည်မှု၊ အသိပညာ ပါတဲ့ ယုံကြည်မှု၊ ပါဠိဘာသာမှာလည်း ခွဲထားတာ ရှိတယ်၊ **'မုဓပ္ပသန္န'** တဲ့။ အချည်းနှီး ယုံကြည်တာ၊ ပညာ ကင်းမဲ့တဲ့ယုံကြည်မှုကို မုဓပ္ပသန္န ခေါ်တယ်။ အဲဒီ မုဓပ္ပသန္နဆိုတဲ့ blind faith ဟာ အန္တရာယ်များတယ်။

ဒါကြောင့်မို့ ကျမ်း ၅-ပါးထဲမှာ သဒ္ဓါနဲ့ ပညာ ဆိုတာ နှစ်ခုနဲ့စပ်ပြီး ပရမတ္ထစက္ကျမ်းကိုရေးတဲ့ ဒီပဲယင်း ဆရာတော်ကြီးက "သဒ္ဓါကို ပညာစောင့်မှ လမ်းဖြောင့်တယ်တဲ့၊ ပညာကိုလည်း သဒ္ဓါစောင့်မှ လမ်း ဖြောင့်တယ်" သဒ္ဓါနဲ့ ပညာ ဒီနှစ်ခုဟာ တစ်ခုတစ်ခု အစွန်းထွက်သွားလို့ မရဘူး၊ ညီရမယ်လို့ ဒီလိုဆိုတာ ပေါ့၊ သဒ္ဓါလွန်သွားရင်လည်း လမ်းမှန် မရောက်ဘူး၊ ပညာလွန်သွားရင်လည်း ကောက်ကျစ်စဉ်းလဲသူ ဖြစ် သွားတယ်။

ဒါကြောင့်မို့ သဒ္ဓါနဲ့ ပညာ နှစ်ခုထိန်းညှိရမယ် ဆိုတဲ့စကားကို ထောက်ထားကြည့်မယ် ဆိုရင်တော့ ပညာမပါတဲ့ ယုံကြည်မှုတွေဟာ တခြားဘာသာဝင် တွေမှာ ရှိနိုင်တယ်လို့ ပြောလို့ရတယ်ပေါ့။ ရှင်မဟာ ဗုဒ္ဓဃောသက အဋ္ဌသာလိနီမှာ ရေးတာတော့ သဒ္ဓါ မဟုတ်ဘူး, တဏှာလို့ ရေးသွားတယ်၊ သို့သော်လည်း ယုံကြည်မှုဆိုတာ သဒ္ဓါလို့ပဲ ပြောရမှာပဲပေါ့။

အဘိဓမ္မာမှာ သတိလို့ဆိုတာလည်း အကောင်း ဘက်မှာပဲသုံးတယ်၊ သို့သော် မိစ္ဆာသတိ မရှိဘူးလား ဆိုတော့ သတိဆိုတဲ့နာမည်နဲ့ သုံးတာတော့ ရှိတယ်၊ သို့သော် ဒီသတိစေတသိက် မဟုတ်ဘူးလို့ ဆိုပြန်တယ် ပေါ့၊ သဒ္ဓါလို့တော့ သုံးတယ်၊ သို့သော် ဒီသဒ္ဓါမဟုတ် ဘူးလို့ ဒီလိုလည်းဆိုတယ်။

အသံအားဖြင့် ပြောမယ်ဆိုလို့ရှိရင် **မုဓပ္ပသန္န** ဆိုတဲ့ မှားယွင်းတဲ့သဒ္ဓါတရား၊ ပညာရဲ့ ထိန်းကွပ်မှု မရှိတဲ့ သဒ္ဓါတရား၊ သဒ္ဓါယုံကြည်မှုသက်သက်၊ **'အဝေစ္စပ္ပသာဒ'** မကြည်ညိုရမယ့်နေရာ သွားပြီး ကြည်ညိုမိ

တတ်တယ်လို့ ဒီလိုဆိုတာပေါ့။ ဒါကြောင့် ပညာစောင့်မှ လမ်းဖြောင့်တယ်။

blind faith လို့ အင်္ဂလိပ်လိုခေါ်တဲ့ မျက်ကန်းယုံကြည်မှုပဲ။ ဒီတော့ ဗုဒ္ဓဘာသာကို ယုံကြည်တာဟာ မျက်ကန်းယုံကြည်မှုနဲ့ ဆိုင်သလား, ပညာကင်းမဲ့တဲ့ ယုံကြည်မှုလားလို့ ဗုဒ္ဓဘာသာဖြစ်ဖို့ အခြေခံကို ရှာကြည့်ရမယ်၊ သဒ္ဓါလား ပညာလားလို့ ဒီနှစ်ခုကို ရှာကြည့်တဲ့အခါ ဘယ်ဟာက အခြေခံကျသလဲ၊ ပညာဆိုတာ အရာရာ ဆင်ခြင်စဉ်းစားပြီး ကွဲကွဲပြားပြား စိစစ်ဆေးဆေး သိရှိနားလည် သဘောပေါက်တာကို ဒီလို ဆိုလိုတာပေါ့။

အဲဒီတော့ ဗုဒ္ဓဘာသာဖြစ်ဖို့ သဒ္ဓါနဲ့ပညာဟာ ဘယ်ဟာက အခြေခံတရားလဲလို့ဆိုလို့ရှိရင် ပညာသည်သာလျှင် အခြေခံတရားလို့ ပြောရမယ်၊ ဘာကို ထောက်ထားပြီးတော့ ပြောတာလဲ ဆိုလို့ရှိရင် ကံ,ကံ၏ အကျိုးကို သိမြင်တာ၊ ကံ,ကံ၏အကျိုးကို ယုံကြည်တာကိုလည်း သဒ္ဓါလို့ ဒီလိုဖွင့်ဆိုတာတွေ ရှိတယ်။

သို့သော် "ကံသည်သာလျှင် မိမိဥစ္စာ"လို့ ဆိုတာကျတော့ သဒ္ဒါလို့ ပြောတာမဟုတ်ဘူး၊ သမ္မာဒိဋ္ဌိလို့ပြောတာ။ **ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊** ကံသာလျှင် မိမိဥစ္စာဆိုတဲ့ အဓိပ္ပာယ်က ကိုယ်လုပ်တဲ့ဟာ ကိုယ်နဲ့သာ သက်ဆိုင်တယ်, ကိုယ့်မှာသာ တာဝန်ရှိတယ်လို့ ဒီလိုဆိုလိုတာ၊ ကိုယ်လုပ်တဲ့ကံ ကိုယ့်မှာသာတာဝန်ရှိတယ်၊ ကိုယ်လုပ်ထားတာ ကိုယ်ပဲအမွေခံရမယ်။

မြတ်စွာဘုရားဟောတဲ့ ပါဠိတော်မှာကြည့် - **'ကမ္မဿကာ သတ္တာ ကမ္မဒါယာဒါ'** သတ္တဝါတွေ ဆိုတာ ကိုယ်လုပ်တဲ့ကံ ကိုယ်နဲ့သက်ဆိုင်တယ်၊ ကိုယ်လုပ်တဲ့ ကံရဲ့ ပေးတဲ့အမွေကို ကိုယ်ပဲခံရတယ်၊ **'ယံ ကမ္မံ ကရိဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ကမ္မဿ ဒါယာဒါ ဘဝိဿာမ'** လို့ဆင်ခြင်စဉ်းစားခိုင်းတာ။ ကြည့်- ကောင်းတဲ့အလုပ်ပဲဖြစ်ဖြစ်၊ မကောင်းတဲ့ အလုပ်ပဲ ဖြစ်ဖြစ်၊ ကုသိုလ်ကံပဲ ဖြစ်ဖြစ်၊ အကုသိုလ်ကံပဲ ဖြစ်ဖြစ် ကိုယ်လုပ်တဲ့ ကံတရားရဲ့အမွေကို ကိုယ်ခံရမှာ၊ ကိုယ် ခံယူရမှာပဲဖြစ်တယ်။ ဒီတော့ ကိုယ်လုပ်တာ ကိုယ် ခံရ

တယ်လို့ဆိုတာ ယုံကြည်ချက်လား အသိပညာလားလို့ ပြောရင် အသိပညာလို့ ဆိုရမှာ။

ဒါကြောင့်မို့ **သမ္မာဒိဋ္ဌိ**ဆိုတဲ့စကားလုံးနဲ့ တွဲပြီးတော့ သုံးထားတာ **ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ**ဆိုတာ မှန်မှန်ကန်ကန်မြင်ခြင်း, ပညာကို ရည်ညွှန်းတဲ့စကား၊ အမှန်အကန်ကိုမြင်တယ်၊ တစ်ခါတစ်ရံကျတော့ မြင်တယ်ဆိုတာကို ပိုနားလည်အောင် Understanding လို့ ဒီလို ဘာသာပြန်တာဟာ နားလည်ခြင်းလို့ ဒီလိုဆိုလို တယ်။ နားလည်ခြင်း၊ သဘောပေါက်ခြင်း၊ သိခြင်း၊ မြင်ခြင်းဆိုတာ အသိပညာကို ရည်ညွှန်းတဲ့ စကားလုံး တွေ။

ဒါဖြင့် ကံတရားရှိတယ်လို့ သိတာရယ်, ကံတရား ရဲ့အကျိုး ရှိတယ်လို့ သိတာရယ် ဒီနှစ်ခုကို တချို့သော ကျမ်းဂန်တွေမှာ သဒ္ဓါလို့ ဖွင့်ပေမယ့်လို့ သမ္မာဒိဋ္ဌိနဲ့ တွဲဖက်ပြီး သုံးတဲ့အခါကျတဲ့အခါ သဒ္ဓါကိုပြောတာ မဟုတ်ဘူး၊ မှန်ကန်တဲ့ အမြင်တစ်ခုကို ပြောတာလို့ ဒီလိုပြောရမှာ၊ မှန်ကန်တဲ့ အမြင်တစ်ခုကို ပြောတာ၊

ဒီတော့ ဗုဒ္ဓဘာသာ ဖြစ်ဖို့အတွက် အနည်းဆုံး **ကမ္မဿကတာသမ္မာဒိဋ္ဌိ** ဆိုတာ ရှိရမယ်လို့။

ဆိုလိုတာက ကမ္မဝါဒီ၊ ကိရိယဝါဒီ၊ ဘုရား အဆူဆူဟာ ကမ္မဝါဒီပဲ၊ ကံရှိတယ်လို့ ဟောပြောတယ်၊ ကိရိယဝါဒီ ကံရှိသည့်အတွက်ကြောင့် ကံကို လုပ်လို့ရတယ် ဟောပြောတယ်၊ ကမ္မဝါဒီ၊ ကိရိယဝါဒီ၊ ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ ရှိတယ်၊ ကုသိုလ်ကံ အကုသိုလ်ကံကို လုပ်လို့ရတယ်၊ ရှိလို့လုပ်ရင် ဖြစ်တယ်၊ ကမ္မဝါဒီ ကိရိယဝါဒီဆိုတဲ့ အဓိပ္ပာယ်က အဲဒါ၊ ဗုဒ္ဓဘာသာဖြစ်ဖို့ အတွက် အနည်းဆုံး ကမ္မဝါဒီဖြစ်ဖို့ လိုအပ်တယ်တဲ့။

**ဝိနယမဟာဝဂ္ဂ**ပါဠိမှာ ကြည့်၊ မြတ်စွာဘုရားက ဘာသာမတူတဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် ဗုဒ္ဓဘာသာ အဖြစ် ရဟန်းဘဝ ခံယူမယ် ဆိုလို့ရှိရင် **အညတိတ္ထိယပရိဝါသ** ဆိုပြီး လေးလစောင့်ကြည့်ခြင်းကို ခံရမယ်။ လိုက်နာကျင့်သုံးစရာတွေကို လိုက်နာကျင့်သုံးရမယ်၊ လေးလဆိုင်းငံ့ထားပြီးတော့ ဗုဒ္ဓဘာသာအပေါ်မှာ စိတ်ဝင်စားတာ, စိတ်ဝင်စားတဲ့အတိုင်း လိုက်နာကျင့်သုံး

နေတာ ဟုတ်မဟုတ် ဒါတွေကို စစ်ဆေးလေ့လာဖို့ရာ အတွက် လေးလဆိုင်းရမယ်လို့ ဒီလိုဆိုတာနော်၊ အဲဒီလို လေးလဆိုင်းပြီးတော့မှ ကျေနပ်လောက်တဲ့အဖြေရပြီ ဆိုတော့ ရဟန်းခံခွင့်ပေးတယ်။

နဂိုတည်းက ကမ္မဝါဒီ ကိရိယဝါဒီ ဆိုလို့ရှိရင်တော့ လေးလပရိဝါသ စောင့်ဆိုင်းကျင့်သုံးစရာ မလိုဘူးတဲ့၊ တစ်ခါတည်း ခွင့်ပြုလိုက်တယ်၊ အဲဒါကို ထောက်ထား ကြည့်၊ ဗုဒ္ဓဘာသာဖြစ်ဖို့အတွက် ကမ္မဝါဒီဖြစ်ဖို့ အရေး ကြီးတယ်၊ ဗုဒ္ဓဘာသာဖြစ်လာပြီးတဲ့ နောက်မှာတောင် မှပဲ လောကီမင်္ဂလာကို လက်ခံယုံကြည်ပြီး ကံကို မယုံကြည်ဘူးဆိုရင် ဗုဒ္ဓဘာသာဝင်အညွှ ဖြစ်သွားတယ်၊ ဗုဒ္ဓဘာသာလို့ နာမည်ခံသော်လည်းပဲ ဗုဒ္ဓဘာသာ အညွှ ဖြစ်သွားတယ်။

**'မင်္ဂလံ ပစ္စေတိ နော ကမ္မံ'** မင်္ဂလာလို့ဆိုတဲ့ လောကီမင်္ဂလာတွေ ယုံကြည်တယ်ဆိုတာ ဒီကနေ့ ခေတ်မှာ အထူးအဆန်းမဟုတ်ဘူး။

မြန်မာလူမျိုးတွေလည်း လောကီမင်္ဂလာတွေကို ယုံကြည်တဲ့အဓိပ္ပာယ်တွေ ရှိတယ်ပေါ့နော်။ ယုံကြည်ပြီးတော့ ကံတရားကို ဒီလောက်မယုံကြည်တဲ့ သဘောဆန်ဆန်တွေ ရှိတယ်၊ ဘာတွေတုန်းလို့ ပြောရမယ်ဆိုရင် ချင်းပင်စိုက်ရင် နေ့ချင်းညချင်း ကြီးပွားတယ်တို့၊ ကြံပင်စိုက်ရင် အကြံအောင်တယ်တို့၊ ဘုရားလှူတာတောင် ကြံလှူတယ်နော်၊ အကြံအစည်အောင်ချင်တာတဲ့၊ အဲဒါ လောကီမင်္ဂလာ ယုံကြည်တာလို့ခေါ်တယ်၊ ကံကို မယုံကြည်ဘူး။

ကံကိုယုံတယ်ဆိုတာ ကိုယ်လုပ်တဲ့ အလုပ်ဟာ ကောင်းပြီးတော့ အပြစ်ကင်းတဲ့အလုပ်လား၊ ကုသိုလ်အလုပ်လား၊ အကုသိုလ်အလုပ်လား၊ ဒါပဲ ကြည့်ရမယ်၊ ပန်းသီးလှူရင် ပင်ပန်းမယ်၊ ကြာ လှူလို့ရှိရင် ကြန့်ကြာတယ်ဆိုတဲ့အတွေးတွေဟာ ဗုဒ္ဓဘာသာတွေရဲ့အတွေး မဟုတ်ဘူး၊ မှားယွင်းတဲ့ အယူအဆတွေရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့အတွေးမျှသာ ဖြစ်တယ်ပေါ့၊ ဒါလည်း သတိထားစရာပဲ၊ **'ကောတုဟာလ မင်္ဂလိကော'** တဲ့၊ အများ

အုတ်အုတ်ကျက်ကျက်ပြောနေတဲ့ လောကီမင်္ဂလာတွေကို လိုက်စားတဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်မျိုး မဖြစ်ရဘူး၊ ကံတရားကို အဓိကထားရမယ်၊ လောကီမင်္ဂလာကို ယုံကြည်တဲ့ပုဂ္ဂိုလ် မဖြစ်ရဘူးလို့ဆိုတော့ ဒါကလည်း အသိပညာနဲ့ဆိုင်တယ်၊ ဒါကြောင့်မို့ ကံတရားရှိတယ်လို့ သိတာ, ကံတရားရဲ့အကျိုးရှိတယ်လို့ သိတာကို သမ္မာဒိဋ္ဌိလို့ ပြောတာပဲ၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ။

ကြည့်လေ၊ ဒုစရိုက်ဆယ်ပါးထဲမှာ မနော ဒုစရိုက် ၃-ပါးဆိုတာ ရှိတယ်၊ မနောဒုစရိုက် ၃-ပါး ဆိုတာ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ အဲဒီမှာ မိစ္ဆာဒိဋ္ဌိဆိုတာ ပါတယ်။

မိစ္ဆာဒိဋ္ဌိဆိုတာ သဒ္ဓါကို ပြောတာ မဟုတ်ဘူး၊ မှားယွင်းတဲ့အမြင်တစ်ခုကိုပြောတာ၊ အဲဒီ မှားယွင်းတဲ့ အမြင်ရဲ့ ဆန့်ကျင်ဘက်၊ နောက်တစ်ခါပြောတော့ သမ္မာဒိဋ္ဌိလို့ ပြောတယ်၊ မိစ္ဆာဒိဋ္ဌိနဲ့ သမ္မာဒိဋ္ဌိ၊ ဗုဒ္ဓဘာသာဝင် ဖြစ်ဖို့အတွက် သမ္မာဒိဋ္ဌိဖြစ်ဖို့လိုတယ် ဒီလိုဆိုတာပေါ့နော်၊ သမ္မာဒိဋ္ဌိဖြစ်ဖို့ လိုတယ်၊ သမ္မာဒိဋ္ဌိ

ဆိုတာ အခြေခံဆယ်ချက်ပေါ်မှာ မှန်ကန်တဲ့ အမြင်ရှိတာကို ပြောတာ၊ မိစ္ဆာဒိဋ္ဌိဆိုတာ အခြေခံ ဆယ်ချက်ပေါ်မှာ မှားယွင်းတဲ့အမြင်တွေရှိတယ်၊ အသိဉာဏ်တွေ မှောက်မှားနေတာကိုပြောတာ။

ဒီနေရာမှာ မိစ္ဆာဒိဋ္ဌိဆိုတဲ့ စကားလုံးလေးတင်ကြည့်ပြီးတော့ သက္ကာယဒိဋ္ဌိတို့ အတ္တဒိဋ္ဌိဆိုတာတွေကို သွားပြောလို့ မရဘူး၊ အဲဒါမျိုး ဆိုလိုတာ မဟုတ်ဘူး ဒီနေရာမှာနော်၊ အကိရိယဒိဋ္ဌိတို့ နတ္ထိကဒိဋ္ဌိ ဆိုလိုတယ်၊ မိစ္ဆာဒိဋ္ဌိဆိုတာ ဒီနေရာမှာ နတ္ထိက ဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိကို ယူလိုက်ရင် အကိရိယဒိဋ္ဌိဆိုတာလည်း ပါသွားတယ်၊ ဆိုလိုတာက ကံနဲ့ကံရဲ့အကျိုးကို ငြင်းပယ်တာ၊ ကံတရားရဲ့အကျိုးကို အသိအမှတ်မပြုတာ၊ မပြုခြင်းအားဖြင့် ကံတရားကိုလည်း အသိအမှတ်မပြုဘူးဆိုတဲ့အဓိပ္ပာယ် ရောက်တယ်၊ အကျိုးကို အသိအမှတ်မပြုဘူးဆိုရင် အကြောင်းကိုလည်း အသိအမှတ်မပြုရာရောက်တယ်၊ ဒါကြောင့်မို့ ဒီနေရာမှာ **မိစ္ဆာဒိဋ္ဌိ**ဆိုတာ **အကိရိယဒိဋ္ဌိ အဟေတုကဒိဋ္ဌိ နတ္ထိကဒိဋ္ဌိ** ဒီသုံးခုကို ပြောလိုတာနော်။

အဲဒီမိစ္ဆာဒိဋ္ဌိအယူ ရှိနေလို့ရှိရင် ဗုဒ္ဓဘာသာ မဖြစ်ဘူး၊ သက္ကာယဒိဋ္ဌိရှိရုံနဲ့တော့ ဗုဒ္ဓဘာသာဖြစ်ပါတယ်၊ ဗုဒ္ဓတရားတော်တွေ နာရင်းနာရင်းကနေ အနည်းဆုံး ကမ္မဿကတာသမ္မာဒိဋ္ဌိ ရှိရမယ်၊ သက္ကာယဒိဋ္ဌိ ဆိုတာကတော့ ရုပ်တရားနာမ်တရားသာ ရှိတယ်ဆိုတဲ့အသိ၊ သုတမယဉာဏ် ရ,ထားပြီဆိုရင် ဒီ သက္ကာယဒိဋ္ဌိဟာ ပရိယုဋ္ဌာနမဖြစ်ဘူး၊ ထကြွပြီး စိတ်ထဲမှာ လွှမ်းမိုးနေတာ မရှိဘူး ဆိုလို့ရှိရင်၊ ဆိုလိုတာက ရောဂါဟာ Activate မဖြစ်ဘူး၊ ထကြွပြီးတော့ ရောဂါက ကိုယ့်ကို မတိုက်ခိုက်သေးဘူး၊ Positive တော့ ဖြစ်နေတယ်။

ဆိုပါစို့- ထင်ရှားအောင်ပြောရမယ်ဆိုရင် ခုခေတ်တော်တော်များများပျံ့နှံ့သွားတဲ့ HIV ဆိုတဲ့ ရောဂါကိုကြည့်၊ သို့မဟုတ် C ပိုး B ပိုး ဒါကိုကြည့်၊ C ပိုး B ပိုး ဆိုတာ သွေးထဲမှာအဲဒီ Hepatitis C ဆိုတာ ရှိနေတယ်၊ ရှိနေတာကို positive လို့ ပြောတာ၊ သွေးသွားစမ်းတဲ့အခါမှာ ဆရာဝန်က အဖြေထုတ်လိုက်တယ်၊ HIV Positive၊ C ပိုး Positive ဒီလိုရေးလိုက်တာ၊ Positive

ဆိုတာ ရှိနေတယ်လို့ပြောတာ၊ ရှိနေရုံနဲ့ အန္တရာယ်ပေးပြီ လားလို့ဆိုတော့ မပေးသေးဘူး၊ HIV ရှိနေရုံနဲ့ အန္တရာယ်မပေးသေးဘူး၊ ကျန်းမာရေးဂရုစိုက်ပြီးတော့ နေမယ်ဆိုလို့ရှိရင် ၁၀-နှစ် ၁၅-နှစ် ဒီလို ကျန်းကျန်း မာမာ နေသွားလို့ရတယ်၊ သို့သော် Activate လို့ ခေါ်တဲ့ သူကနေပြီးတော့ ပွားလာပြီ နိုးထပြီ လှုပ်ရှားလာပြီ ဆိုလို့ရှိရင်တော့ အန္တရာယ်ကြီးပေ့ါ၊ အန္တရာယ် ဖြစ်လာပြီ၊ ပရိယုဋ္ဌာန ဖြစ်လာတယ်၊ Positive ဆိုတာ အနုသယနဲ့ အလားသဏ္ဍာန်တူတယ်၊ Activate ဆိုတာ ပရိယုဋ္ဌာနကိုပြောတာ၊ ထကြွလာပြီဆိုရင်တော့ ကိုယ့် ကို တိုက်ခိုက်လာပြီ၊ တိုက်ခိုက်လာရင်တော့ အန္တရာယ် ရှိလာပြီ၊ HIV AIDS ရောဂါဖြစ်လာပြီ၊ ဟော တိုက်ခိုက် လာပြီဆိုတာ ဒီလိုဆိုလိုတာ။

အဲဒါကြောင့်မို့လို့ သက္ကာယဒိဋ္ဌိက Positive ဖြစ် နေရုံနဲ့တော့ သက္ကာယဒိဋ္ဌိ Positive တန်းလန်းနဲ့ပဲ လူ့ ပြည်ရောက်လိုက် နတ်ပြည်ရောက်လိုက်၊ နောက်ဆုံး ဗြဟ္မာ့ပြည်တောင် ရောက်သွားတယ်လေ၊ ဗကဗြဟ္မာ

ကြီးကိုပဲကြည့်၊ ဒါတွေက လွဲမှားသွားတတ်တယ်၊ စာထဲ ပေထဲမှာ သေသေချာချာဆိုထားတာကို မလွဲမှားဖို့ မနောဒုစရိုက်မှာပြောတဲ့ မိစ္ဆာဒိဋ္ဌိဆိုတာ နတ္ထိကဒိဋ္ဌိကို အခြေခံပြောတာ၊ နတ္ထိကဒိဋ္ဌိပြောလိုက်တာနဲ့ အကိရိယ ဒိဋ္ဌိဆိုတာလည်း ပါသွားတယ်၊ အဟေတုကဒိဋ္ဌိ ဆိုတာ လည်း ပါသွားတယ်၊ ကံ၏အကျိုးကို ငြင်းပယ်လိုက်တာ နဲ့ ကံကိုလည်း ငြင်းပယ်ပြီးသား ရောက်သွားတယ်၊ အကြောင်းတရားကိုလည်း ငြင်းပယ်ပြီးသား ရောက် သွားတယ်၊ အဲဒါက ဒုစရိုက်၊ အဲဒါတော့ အန္တရာယ် ရှိတယ်၊ ဒီလိုဆိုလိုတာပေါ့နော်။

ဒီတော့ ဗုဒ္ဓဘာသာဖြစ်ဖို့ဂ၊ မနောသုစရိုက်လို့ ဆိုတဲ့ သမ္မာဒိဋ္ဌိရှိဖို့လိုတယ်၊ သမ္မာဒိဋ္ဌိဆိုတာ ပညာပဲလေ၊ သဒ္ဓါမဟုတ်ဘူး၊ သမ္မာဒိဋ္ဌိဆိုတာ အချက် (၁၀)ချက် ပေါ်မှာ အခြေခံတယ်ဆိုတာ ဘာလဲ၊ **အတ္ထိ ဒိန္နံ၊ အတ္ထိ ယိဋ္ဌံ၊ အတ္ထိ ဟုတံ** - သုံးခု၊ အလှူဒါနပြုတာနဲ့ ပတ်သက် ပြီးတော့ **အတ္ထိ ဒိန္နံ** -ဒါနရှိတယ်လို့ပြောတာမဟုတ်ဘူး၊ ဒါနရှိတယ်လို့ပြောလိုက်တာက ဒါနရဲ့အကျိုးရှိတယ်လို့

ပြောတာပဲ၊ စကားလုံးကို ကြည့်မယ်ဆိုရင် **ဒိန္နံ**–ပေးလှူအပ်သည့် အရာသည်၊ **အတ္ထိ**–ရှိတယ်၊ **ဟုတံ**–ပူဇော်အပ်သည့် အရာသည်၊ **အတ္ထိ**–ရှိတယ်၊ ဆိုလိုတာတော့ **ဒိန္နံ**–ပေးလှူရခြင်းရဲ့ အကျိုးတရားသည်၊ **အတ္ထိ**–ရှိတယ်၊ ဒီလိုဖွင့်တာ၊ **ဟုတံ**– ပူဇော်ခြင်း၏ အကျိုးတရား၊ **ယိဋ္ဌံ**–အကြီးအကျယ်ပူဇော်ခြင်းရဲ့ အကျိုးတရား၊ **အတ္ထိ**–ရှိတယ်၊ ဗုဒ္ဓဘာသာဖြစ်ဖို့အတွက် ဒီလိုရှိတယ်လို့ မြင်တဲ့ အမြင်ရှိဖို့လိုတယ်။

ဒါဟာ ချုံပြောမယ်ဆိုရင် ကမ္မဝါဒီ၊ ကိရိယဝါဒီ ကံ,ကံ၏အကျိုးကို လက်ခံတာကို ဆိုလိုတယ်၊ ဗုဒ္ဓဘာသာဖြစ်ဖို့ ကံ,ကံ၏အကျိုးကို သိမြင်လက်ခံဖို့က အခြေခံအကြောင်းတရားလို့ ဒါကြောင့်ပြောတာ၊ ကံ,ကံ၏အကျိုးက ငြင်းပယ်နေလို့ရှိရင်တော့ ဗုဒ္ဓဘာသာမဖြစ်ဘူး၊ ဗုဒ္ဓဘာသာဖြစ်ဖို့ အခြေခံမလုံလောက်ဘူးလို့ ဒီလိုပြောရမယ်။

အဲဒီမှာ ဆယ်ချက်ဆိုတာလေးကို မှတ်ဖို့၊ **အတ္ထိ ဒိန္နံ၊ အတ္ထိ ယိဋ္ဌံ၊ အတ္ထိ ဟုတံ၊ ယိဋ္ဌ** ဆိုတာ အကြီး

အကျယ် ပူဇော်မှု၊ **ဟုတ** ဆိုတာ သာမန်ပူဇော်မှု၊ အကျိုးတရားတွေ ရှိတယ်လို့ လက်ခံတာ၊ သိမြင် တယ် သမ္မာဒိဋ္ဌိ။

"**အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော**"၊ **သုကတဒုက္ကဋာနံ**– ကောင်းစွာ ပြုအပ်တဲ့ ကုသိုလ်, မကောင်းသဖြင့်ပြုအပ်တဲ့ အကုသိုလ်၊ ကုသိုလ် အကုသိုလ်တို့ရဲ့ အကျိုးရင်း အကျိုးဆက် ဆိုတာ ရှိတယ်လို့သိတဲ့ဉာဏ်ပညာ-သမ္မာဒိဋ္ဌိ၊ "**အတ္ထိ အယံ လောကော၊ အတ္ထိ ပရော လောကော**"၊ ဒီလောကဆိုတာ ရှိတယ်၊ ပရလောကဆိုတာ ရှိတယ်၊ "**အတ္ထိ မာတာ၊ အတ္ထိ ပိတာ**" အမေရှိတယ် အဖေရှိတယ်ဆိုတာ အမေအဖေကို အသိအမှတ်ပြုတယ်လို့ ပြောတာ၊ အမေအဖေကို အသိအမှတ်ပြုသဖြင့် အမေအဖေပေါ်မှာ ပြုစုလုပ်ကျွေးတဲ့ ကုသိုလ်တရား၊ အမေအဖေကို စော်ကားတဲ့ အကုသိုလ်တရား အကျိုးရှိတယ်လို့ လက်ခံတာကို ဆိုလိုတယ်။

**"အတ္ထိ သတ္တာ ဩပပါတိကာ"** သေပြီးတဲ့နောက် ပြန်ဖြစ်တဲ့သတ္တဝါရှိတယ်လို့ လက်ခံတယ်၊ **"အတ္ထိ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ"** မှန်ကန်စွာ သိပြီးတဲ့ အကျင့်မှန်နဲ့ လမ်းမှန်ကျင့်သုံးလို့ အောင်မြင် ပေါက်မြောက်ပြီးတော့ ဒီလောကကြီးကို ထူးခြားတဲ့ အသိဉာဏ်နဲ့သိပြီးဟောနိုင်တဲ့ ဘုရားဆိုတာ ရှိတယ်လို့၊ အဲဒီလို အချက်ဆယ်ချက်ပေါ်မှာ အခြေခံပြီးတော့ သိမြင်တဲ့အသိဉာဏ်ကို သမ္မာဒိဋ္ဌိလို့ခေါ်တာ၊ ဒီနေရာမှာ သမ္မာဒိဋ္ဌိလို့ ခေါ်တာ၊ အတ္ထိကသမ္မာဒိဋ္ဌိလို့ ခေါ်တယ်၊ အဲဒီ အတ္ထိကသမ္မာဒိဋ္ဌိသည် ဗုဒ္ဓဘာသာဝင် ဖြစ်ဖို့ အခြေခံအကြောင်းတရားလို့ ဒီလိုပြောရမယ်။

မြတ်စွာဘုရားနဲ့ ခေတ်ပြိုင်ပေါ်လာတဲ့ ပူရဏ ကဿပဆိုတဲ့ ဆရာကြီးက ကံတရားကို ငြင်းပယ်တဲ့ ပုဂ္ဂိုလ်ကြီး၊ သာမန်အားဖြင့် ဗုဒ္ဓဘာသာတွေအနေနဲ့ ကတော့ ဒါ မထူးဆန်းဘူးလို့၊ ကံ,ကံ၏အကျိုးကို သိတယ်ဆိုတာ ကိုယ့်ဟာကိုယ် အလိုအလျောက်သိနေ တယ်လို့ထင်နေကြတာ၊ မဟုတ်ဘူး။ ဘုရား တရားတော်

ကို နာလာလို့ နာထားရလို့ ဗုဒ္ဓဘာသာဝင် မိဘတွေက, ဆရာသမားတွေက, ဆရာတော် သံဃာတော်တွေက ရှင်းပြထားလို့ ကံ,ကံ၏အကျိုးကို လက်ခံနေတာ၊ ကိုယ့်ဟာကိုယ်သိတဲ့အသိ မဟုတ်ဘူး။ ကြည့်လေ- ပူရဏကဿပ တို့လိုဟာမျိုးနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ။

ပူရဏကဿပက သူ့ဝါဒက ဘာပြောလဲ၊ "**နတ္ထိ ပါပံ၊ နတ္ထိ ပါပဿ အာဂမော**"တဲ့၊ မကောင်းမှုဆိုတာ မရှိဘူးတဲ့၊ မရှိသည့်အတွက်ကြောင့် ဘာအကျိုးမှ မလာဘူး၊ အကိရိယဝါဒ-မကောင်းမှုဆိုတာ လုပ်လို့ မရဘူးတဲ့၊ လုပ်လို့မဖြစ်ဘူး၊ လူတွေက လုပ်လို့ရတယ် ထင်နေတာ၊ လုပ်မရဘူးတဲ့၊ စိတ်က ထင်တာသာရှိတယ်၊ အကိရိယဆိုတာ လုပ်လို့မရဘူးလို့ပြောတာ၊ အကုသိုလ်ဆိုတာလည်း လုပ်လို့မရဘူး၊ ကုသိုလ်ဆိုတာလည်း လုပ်လို့မရဘူး၊ ဘာဖြစ်လို့တုန်း၊ ကုသိုလ်အကုသိုလ် ရှိမှ မရှိတာ၊ မရှိတာ ဘယ်လိုလုပ် လုပ်မလဲ၊ ဒီလိုဆိုလိုတာ နော်။ သူက ငြင်းပယ်တာ ကြည့်လေ၊ အဲဒီဝါဒဟာ တစ်ချိန်တုန်းက အိန္ဒိယနိုင်ငံမှာ ဖြန့်ဖြူးခဲ့တဲ့ ဝါဒပဲ၊

**"နတ္ထိ ပါပံ၊ နတ္ထိ ပါပဿ အာဂမော။ နတ္ထိ ပုညံ၊ နတ္ထိ ပုညဿ အာဂမော။"** အကုသိုလ်ဆိုတာ မရှိဘူး၊ အကုသိုလ်ရဲ့အကျိုးလည်း မဖြစ်ပေါ်လာဘူး၊ ကုသိုလ်ဆိုတာလည်း မရှိဘူး၊ ကုသိုလ်ရဲ့အကျိုးလည်း မရှိဘူး၊ လုပ်လို့လည်းမရဘူး၊ လူတွေက လုပ်ရတယ်လို့ ထင်တာတဲ့။

သူက ဘယ်လောက်ထိအောင် ရှင်းပြတုန်းဆိုရင် တတ်နိုင်လို့တဲ့ သူများအသက်တွေသတ်၊ လူသတ်လက်နက်ကြီးထွင်၊ သင်တုန်းစက်ကြီး ထွင်ပြီးတော့ ရှိသမျှသတ္တဝါတွေ အကုန်သတ်ပြီး အသားပုံကြီး ပုံထားတာတောင်မှပဲ ပါဏာတိပါတကံ မထိုက်ပါဘူးလို့ ဟောတာ၊ ဘယ်လောက်ဆိုးတဲ့ဝါဒလဲဆိုတာ စဉ်းစားကြည့်၊ အဲဒီအကုသိုလ်အကျိုး သူမခံရဘူးတဲ့၊ ဘာဖြစ်လို့တုန်းဆို ရှိမှမရှိတာ ဒီလိုပြောတာ။

အေး- ကောင်းတဲ့ဘက်ကို ပြန်ပြောတော့လည်း တတ်နိုင်လို့ မင်း အလှူအတန်းတွေလုပ်၊ သီလတွေ ဆောက်တည်၊ သမထဘာဝနာတွေ ပွားများ၊ ကုသိုလ်

ကောင်းမှုတွေ လုပ်ချင်သလောက်လုပ်၊ ဘာအကျိုးမှ မရဘူး၊ အကိရိယဝါဒက အဲဒီလို။

အဲဒီလိုဟောတဲ့ဝါဒတွေက မြတ်စွာဘုရား မပွင့်ခင်က လူသားတွေရဲ့ကြားမှာဖြန့်ဖြူးထားတာ၊ မှိုင်းတိုက်ထားတယ်။

လောကလူတွေဟာ ကိုယ်လုပ်ချင်တာ လုပ်လို့ရတယ်ဆိုရင် ကျေနပ်တယ်လေ၊ လူဆိုတာ အကုသိုလ်မဖြစ်ဘူးဆိုလည်း ကြိုက်တယ်လေ၊ လူက အကုသိုလ်ဖြစ်ရင် ကြောက်တယ်ပေါ့၊ အပါယ်ငရဲ ခံရမှာဆို ကြောက်တယ်၊ ကြောက်လို့မလုပ်တာ၊ အေး အကုသိုလ်ဆိုတာ မရှိဘူး၊ အပါယ်ငရဲကျတယ်ဆိုတာ မရှိဘူးလို့ ဒီလိုပြောတဲ့အခါကျတော့ လုပ်ရဲတာပေါ့။

လူဆိုတာ လုပ်ချင်တာလုပ် ဆိုလို့ရှိရင် လုပ်ချင်တာက အကောင်းမဟုတ်ဘူး၊ မကောင်းတာတွေပဲ လုပ်ချင်တာ၊ ကောင်းတာဆိုတာက ရေဆန်နဲ့ အလားသဏ္ဌာန်တူတယ်၊ ရေစုန်ဆိုတာကတော့ ဟောဒီ မြစ်နားနီးနီးနေတဲ့လူတွေ ပိုသိတယ်၊ ရေစုန် ဆိုတာတော့

လှေကလေးနဲ့ သွားတဲ့အခါမှာ ရေစုန်ဆို တက် တစ်ချက်မှ မလှော်ဘဲနဲ့ အသာလေးထိုင်လိုက်သွား သူ့ဟာသူ ရောက်သွားတယ်နော်၊ လွယ်တယ်၊ ရေဆန် ကျတော့ တက်တစ်ချက်မရပ်နဲ့၊ ရပ်ရင် အထက်မတက် တော့ဘူး ဆန်တက်နေရတာ၊ အေး သူတို့ရဲ့ဝါဒက ရေစုန်တာနဲ့ တူတယ်ပေါ့။ အဲဒီလို မြတ်စွာဘုရားနဲ့ ခေတ်ပြိုင်မှာ အဲဒီလိုဟောတဲ့ပုဂ္ဂိုလ်တွေရှိတယ်။

ဒီတော့ မြတ်စွာဘုရားက မဟုတ်ဘူး၊ ကံ ဆိုတာ ရှိတယ်, ကံရဲ့အကျိုးတရားဆိုတာရှိတယ်၊ မကောင်းတာ လုပ်ရင် မကောင်းတာ ခံရမယ်, ကောင်းတာလုပ်ရင် ကောင်းတာ စံရမယ်၊ ဟော- "**ယံ ကမ္မံ ကရိဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ကမ္မဿ ဒါယာဒါ ဘဝိဿန္တိ။**" စဉ်းစား ကိုယ့်ဟာကိုယ်၊ ကောင်းတဲ့ ကုသိုလ်ပဲဖြစ်ဖြစ် အကုသိုလ်ပဲဖြစ်ဖြစ်တဲ့ တစ်ခုလုပ် မယ်၊ အဲဒီလုပ်တဲ့ကံရဲ့ ဆိုးမွေကောင်းမွေကို ကိုယ်ပဲ ခံရမယ်လို့ ဒီလိုဆိုလိုတာ၊ ဟုတ်တယ်လေ လူတွေရဲ့ မျက်နှာတွေမှာ ကံကြမ္မာပုံရိပ်တွေ ပေါ်နေတာပဲ၊ နို့မို့ဆို

ပုံစံတူ ဖြစ်နေမှာပေါ့ လူတွေမှာ၊ ဟိုဘဝတုန်းက ဒေါသကြီးခဲ့တဲ့ပုဂ္ဂိုလ်တွေရဲ့မျက်နှာက ပြုံးမရတဲ့မျက်နှာမျိုးကြီး ဖြစ်နေတယ်၊ ပြုံးလို့ရယ်လို့မရတဲ့မျက်နှာမျိုးကြီး ဖြစ်တယ်၊ ဒေါသကြီးခဲ့တာကိုး၊ မျက်နှာကြောကြီးတင်းပြီးတော့ ပြုံးမရတဲ့မျက်နှာမျိုးကြီး ဖြစ်တယ်၊ ဇီးကွက်မျက်နှာလိုပဲပေါ့။ ဇီးကွက်က ဘယ်လိုမှ ပြုံးလို့မှမရတာ၊ ကံကြမ္မာရဲ့ပုံရိပ်တွေဟာ လူတွေရဲ့ သဏ္ဌာန်မှာ လှမလှဆိုတာလည်း ပေါ်လာတယ်၊ အသက်ရှည်တယ် အသက်တိုတယ်ဆိုတာလည်း ပေါ်လာတယ်၊ ပစ္စည်းဉစ္စာ ချမ်းသာတယ် ဆင်းရဲတယ် မွဲတေတယ် ဆိုတာလည်း ပေါ်လာတာပဲ၊ ဒါ ကံကြမ္မာပုံရိပ်တွေ၊ "**ကမ္မံ သတ္တေ ဝိဘဇတိ**" တဲ့၊ ကံတရားက သတ္တဝါတွေကို ခွဲဝေတယ်၊ ဆူကြုံနိမ့်မြင့် တစ်ယောက်နဲ့တစ်ယောက် အဆင့်အတန်းကိုခွဲပေးတာ ကံတရားပဲလို့။

အဲဒီကံတရားကို လက်ခံတာ, သိမြင်တာဟာ ဗုဒ္ဓဘာသာဖြစ်ဖို့ အခြေခံတရားပဲလို့၊ သဒ္ဒါမဟုတ်ဘူး ပညာ၊ နို့မို့ဆိုရင် ယုံကြည်မှုဆိုတာ ဒီပြင်လူတွေလည်း

ရှိတာပဲလေ၊ ယုံကြည်ရုံသက်သက်နဲ့ မရဘူး၊ ကမ္မဿကတာသမ္မာဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိဆိုသည်မှာ Right understanding မှန်မှန်ကန်ကန် နားလည်တာကို ဆိုလိုတယ်၊ အဲဒီ မှန်မှန်ကန်ကန်နားလည်တယ်ဆိုတာ ပညာရဲ့နာမည်ပဲ၊ ဒါကြောင့်မို့ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရားလို့ဆိုသည်မှာ သဒ္ဓါလား၊ ပညာလား လို့ဆိုရင် ပညာလို့ ဒီလိုသတ်မှတ်ရမယ်။

ဒါဖြင့် ဗုဒ္ဓဘာသာမှာ သဒ္ဓါက ဘယ်သွားထား လဲလို့ဆိုရင် ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတဲ့ မှန်ကန်တဲ့ အမြင်ကို အခြေခံလိုက်တဲ့အခါကျတော့ ပညာရဲ့ နောက်မှာ ပါလာတဲ့သဒ္ဓါဟာ၊ ကြည့်နော်- ပညာ မပါတဲ့ သဒ္ဓါနဲ့ ပညာရဲ့နောက်မှာဖြစ်လာတဲ့သဒ္ဓါ မတူဘူး၊ စဉ်းစားကြည့် - မြန်မာနိုင်ငံမှာရှိတဲ့ ဘာသာတရားတွေ ရှိကြတဲ့အထဲမယ် တခြားဘာသာတွေ ဘာကို ယုံကြည် တာလဲ၊ ဘာကို ကိုးကွယ်တာလဲ၊ သူတို့ယုံကြည်တာ ဘာလဲ၊ ဗုဒ္ဓဘာသာတွေ ယုံကြည်တာကဘာလဲ၊ ကိုယ့် ကိုကိုယ် ဗုဒ္ဓဘာသာလို့ပြောပြီး ကိုယ်ဘာယုံမှန်း မသိဘူး

ဆိုရင်တော့ မဟုတ်သေးဘူးနော်၊ ကိုယ်ယုံတာက ဘာလဲ၊ သဒ္ဒါဆိုရင် စာနဲ့ပေနဲ့ တိတိကျကျဆိုထားတာ သိဖို့လိုတယ်။

တခြားဘာသာဝင်တွေက ယုံတယ်ဆိုတဲ့ faith ဟာ ဘာကိုယုံတာလဲလို့ဆိုရင် အနန္တတန်ခိုးကိုယုံတာ၊ ကမ္ဘာကြီးကို ဘုရားသခင်ဖန်ဆင်းတယ်နော်၊ အတူတူပဲ၊ ပြောမယ်ဆိုလို့ရှိရင် ဘာသာတရားတွေ ဗုဒ္ဓဘာသာက လွဲရင် ကျန်တဲ့ဘာသာတွေက နတ်ကိုးကွယ်တဲ့ဘာသာတွေပဲ များတယ်၊ နတ်ဆိုတာ God ပဲလေ၊ ကောင်းကင်ဘုံကနတ်နဲ့ လူ့ပြည်ကနတ် ဒါပဲကွာတယ်၊ ဘာနတ်ဖြစ်ဖြစ် ကိုးကွယ်လို့ရှိရင် Mediator ဆိုတာ ရှိတယ်၊ ကြားခံဆက်သွယ်ပေးတဲ့ ပုဂ္ဂိုလ်၊ ဗမာလိုပြောတော့ နတ်ကတော်ပေ့ါ၊ ကောင်းကင်ဘုံကနတ်နဲ့ ဆက်ဆံတော့ရော နတ်ကတော် မလိုဘူးလား၊ လိုတာပဲ၊ နတ်ကတော်လို့ မခေါ်ဘူး၊ ဘယ်လိုခေါ်တုန်း၊ တမန်တော်တဲ့၊ အဲဒါ အတူတူပဲနော်၊ မြေပြင်ပေါ်က နတ်နဲ့ဆက်သွယ်ပေးတဲ့လူကျတော့ ဘာခေါ်တုန်း၊ နတ်

ကတော်တဲ့၊ ယောကျ်ားလည်း နတ်ကတော်ပဲ၊ မိန်းမလည်း နတ်ကတော်ပဲနော်၊ ဟိုကတော် ဒီကတော်တွေ ကျတော့ မိန်းမတွေပဲများတယ်၊ နတ်ကတော်ကျတော့ ယောကျ်ားနတ်ကတော်လည်း ရှိတယ်၊ ဒီလိုဆိုတာ။ မစဉ်းစားရင် မသိဘူး၊ စဉ်းစားရတယ် ဒါတွေဟာ၊ စဉ်းစားရတယ်။

Mediator လို့ ခေါ်တယ် ကြားခံဆက်သွယ်တယ်၊ ကောင်းကင်ဘုံက တန်ခိုးရှင်ကြီး၊ ကမ္ဘာကြီးကို ဖန်ဆင်းတယ်၊ သတ္တဝါတွေကို ဖန်ဆင်းတယ်၊ အားလုံးကို ဖန်ဆင်းတယ်၊ ဖန်ဆင်းရှင်ကြီး၊ အဲဒီ ဖန်ဆင်းရှင်ကြီးကို ကိုယ်တိုင်တွေ့လို့ ရလား၊ မရဘူး။ ဘယ်သူကပြောလဲ၊ တမန်တော်က ပြောတယ်။

လူ့ပြည်ကနတ်တွေ ဘာနတ်ညာနတ်နဲ့ မြန်မာပြည်မှာ (၃၇)မင်း၊ အဲဒီနတ်တွေကို ဘယ်သူမြင်ဖူးလဲ၊ မမြင်ဖူးဘူး၊ နတ်ကတော်ပြောတာကို လက်ခံတာ၊ နတ်ကတော်က ဘာဆက်ရမယ်ဆို ဆက်တယ်လေ၊ လူတွေ ~ ဆက်ကြတာ၊ Mediator ပဲ ကြားခံဆက်သွယ်ရေးနဲ့

သွားနေကြတာ၊ အဲဒါ နတ်ကိုးကွယ်တယ်ဆိုတာ အခု ဒီအတိုင်းပဲ။

ဒါဖြင့် အဲဒီ နတ်ကိုးကွယ်တဲ့လူတွေရဲ့ ယုံကြည်ချက်က ဘာလဲဆိုလို့ရှိရင် နတ်ကိုးကွယ်တဲ့လူတွေ ယုံကြည်တာကတော့ အနန္တတန်ခိုးကို ယုံကြည်တာပဲ၊ ဘာလို့လဲ၊ ကြည့်လေ နတ်တင်ပြီးတော့ ဘာပြောလဲ၊ "မ,တော်မူပါ" "စ,တော်မူပါ" "မ,စတော်မူပါ"၊ ဟုတ်လား၊ "စောင့်ရှောက်တော်မူပါ မ,စတော်မူပါ"၊ ဒီလိုပဲ ပြောတာမဟုတ်လား၊ "အရှင်ကြီး မ,စတော်မူပါ။" တန်ခိုးပဲ ယုံတာလေ၊ အဲတော့ သူ့ဆီကနေပြီး Blessing ပဲ တောင်းနေတာ၊ ဘယ်ဘာသာဖြစ်ဖြစ် ဗုဒ္ဓဘာသာကလွဲရင် အဲလို Blessing တောင်းတာ၊ "အရှင်သခင်ကြီး မ,တော်မူပါ။ ကျေးဇူးသစ္စာစောင့်သိပါ့မယ်၊ ခွင့်လွှတ်တော်မူပါ" ဟော- ဒီလိုဆိုတာ။

ဒါဖြင့် ဗုဒ္ဓဘာသာဆိုနေတဲ့ ဩကာသနဲ့ကော တူလားလို့ဆိုရင် ဘယ်တူမှာတုန်း၊ ဩကာသဆိုတာ ကိုယ့်အမှားကို ကိုယ့်ဟာကိုယ် ဝန်ခံတာ၊ ဝန်ခံပြီး

အခါမှာ ကောင်းအောင် လုပ်ပါ့မယ်ဆိုတာ ရှိတယ်၊ သူတို့လည်း ဆင်ဆင်တွေတော့ရှိတယ်၊ confession လို့ ခေါ်တယ်၊ သို့သော် သူတို့နဲ့မတူဘူး၊ ဒီတော့ ဗုဒ္ဓဘာသာဝင်တွေက ကိုယ့်ဘာသာရဲ့အတိမ်အနက်ကို အဓိပ္ပာယ်ကို သေသေချာချာသိဖို့ လိုတယ်ပေါ့။

ဗုဒ္ဓဘာသာက ယုံကြည်တာဟာ ဘုရားရဲ့ အနန္တတန်ခိုးကိုယုံတာမဟုတ်ဘူး၊ ဗုဒ္ဓဘာသာဝင်တွေ ယုံရမှာက ဘုရားရဲ့အနန္တတန်ခိုးကို ယုံရမှာ မဟုတ်ဘူး၊ ဒါဖြင့် ဘုရားရှင်က တန်ခိုးမရှိဘူးလားလို့ဆို သူ့ဟာသူ ရှိမှာပေါ့၊ အဲဒီတန်ခိုးက ကိုယ့်ကိုဘာလုပ်ပေးနိုင်မှာလဲ၊ ဆိုလိုတာက ဗုဒ္ဓဘာသာဝင်တွေ ယုံရမှာက မြတ်စွာဘုရားကိုယ်တိုင်ဖွင့်ဆိုထားတဲ့ပါဠိကို ကြည့်- "**ကတမာ စ ဘိက္ခဝေ သဒ္ဓါ**"–ယုံကြည်မှုဆိုတာဘာလဲ၊ မြတ်စွာဘုရားက "**ဣဓ ဘိက္ခဝေ အရိယသာဝကော သဒ္ဓဟတိ တထာဂတဿ ဗောဓိ၊ ဣတိ ပိ သော ဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသဒမ္မသာရထိ၊ သတ္ထာ–**

**ဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါတိ"** ပါဠိတော်တွေမှာ အဲဒီအတိုင်းပဲရှိတယ်နော်။

**သဒ္ဓါ**–ယုံကြည်တယ်ဆိုတာ ဘာကို ယုံကြည်တာ တုန်းဆိုတော့ ကြည့်၊ **တထာဂတဿ**–မြတ်စွာဘုရား၏၊ **ဗောဓိ**–အသိဉာဏ်ကို၊ **သဒ္ဒဟတိ**–ယုံကြည်၏။ တန်ခိုး ယုံတယ်လို့ မပါဘူးနော် ဒီမှာ၊ မြတ်စွာဘုရားရဲ့တန်ခိုး ယုံကြည်တာလို့ ဒီလိုပြောတာမဟုတ်ဘူး၊ အသိဉာဏ်ကို ယုံကြည်တာ၊ ဒါ ဗုဒ္ဓဘာသာနဲ့ တခြားဘာသာတွေ မတူတဲ့အချက်လို့ ဒီလိုမှတ်ထား။

ကဲ-ဒါဖြင့် ဘယ်လိုထူးခြားလဲ၊ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်၊ တန်ခိုးယုံတဲ့လူနဲ့ အသိဉာဏ်ယုံတဲ့လူ ဘာကွာလဲ၊ နောက်ဆက်တွဲဖြစ်ပေါ်လာတဲ့ အခြေ အနေတွေ အတွေးတွေက အများကြီးကွာသွားတယ်၊ အနန္တတန်ခိုးယုံတဲ့ပုဂ္ဂိုလ်က တန်ခိုးရှင်ရဲ့ မ,စမှုကို မျှော်လင့်နေမယ်၊ ဒါ တစ်ချက်။ မျှော်လင့်နေသည့် အတွက်ကြောင့် သူ့ကိုယ်ပိုင်ဉာဏ်နဲ့ လုပ်သင့်တာနဲ့ မလုပ်သင့်တာ သိဖို့ဆိုတာမရှိဘူး၊ သူ့ရဲ့ကိုယ်ပိုင် ဆန္ဒ

ဆုံးဖြတ်ချက်မရှိဘူး၊ သူ့ရဲ့လုံ့လဝီရိယ၊ သူ့ရဲ့ အသိပညာက တန်ဖိုးမရှိဘူး။ ဘာလို့လဲဆို တန်ခိုးရှင်ကြီးက မ,မှာပဲလေ၊ အဲဒါ တန်ခိုးယုံကြည်တဲ့ပုဂ္ဂိုလ်က အဲဒီအခြေအနေမျိုးရောက်သွားတယ်၊ အသိဉာဏ် ယုံကြည်တဲ့ပုဂ္ဂိုလ်ကျတော့ ဘယ်လိုအခြေအနေဖြစ်လဲ၊ အသိဉာဏ်ကို ယုံကြည်သည့်အတွက်ကြောင့် ဒီလိုအသိဉာဏ်ရှိတဲ့ပုဂ္ဂိုလ်က ဟောထားတဲ့၊ ဆုံးမထားတဲ့ အဆုံးအမတွေဟာ ဘယ်တော့မှ မမှားဘူး၊ ဒီလိုပုဂ္ဂိုလ်မျိုးက ရှောင်ရမယ်ဆိုတာ တို့ရှောင်ရမယ်၊ ဆောင်ရမယ်ဆိုတာလည်း တို့ဆောင်ရမယ်၊ မရှောင်ရင် အပြစ်ရှိတယ်လို့ ဟောထားတယ်၊ အေး- သေချာတယ် အပြစ်ရမယ်၊ လိုက်နာလို့ရှိရင် အကျိုးရှိတယ်လို့ ဟောထားတယ်၊ သေချာတယ် လိုက်နာရင်အကျိုးရှိမယ်၊ ဟော- ဉာဏ်ယုံသည့်အတွက်ကြောင့် နောက်ဆက်တွဲက ကိုယ်ကိုယ်တိုင်လုပ်သင့်တာနဲ့ မလုပ်သင့်တာတွေ ခွဲခြားသိလာတယ်။ ကိုယ့်ရဲ့ဆန္ဒ၊ ကိုယ့်ရဲ့လုံ့လဝီရိယ၊ ကိုယ့်ရဲ့အသိဉာဏ်

တွေဟာ တန်ဖိုးတက်လာတယ် လို့ ဒီလိုပြောတာပေါ့ နော်။

ဒီတော့ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့အတွက် ယုံကြည်မှု ဆိုတဲ့သဒ္ဓါဟာ ကမ္မဿကတာသမ္မာဒိဋ္ဌိ လို့ဆိုတဲ့ အခြေခံပြီးတော့မှ ဘုရားကို ယုံကြည်တယ်ဆိုတာ ဗုဒ္ဓရဲ့အသိဉာဏ်ကို ယုံကြည်တယ်ဆိုတာ လာတာ၊ ဒီလိုဆိုလိုတာနော်၊ အသိဉာဏ်ကိုယုံကြည်တယ်ဆိုတာ လာတာ၊ ဒါကြောင့်မို့ သောတာပန်ဖြစ်ပြီ ဆိုတဲ့အခါ ကျတော့ "**ဗုဒ္ဓေ အဝေစ္စပသာဒ၊ ဓမ္မေ အဝေစ္စပသာဒ၊ သံဃေ အဝေစ္စပသာဒ**"၊ **အဝေစ္စ** ဆိုတာ သေသေချာချာ သိရှိနားလည်ပြီး ကြည်ညိုတာ၊ ရမ်းသန်းပြီးတော့ ကြည်ညိုတာ မဟုတ်ဘူး၊ ဘုရားကို ကြည်ညိုတယ် တရားကိုကြည်ညိုတယ် သံဃာကိုကြည်ညိုတယ်ဆိုတဲ့ သဒ္ဓါဟာ အသိဉာဏ် အခြေခံထားတဲ့သဒ္ဓါသာ ဖြစ်တယ်၊ အဲဒါမှာ ဗုဒ္ဓဘာသာဖြစ်ဖို့အတွက် ပညာသည် ပထမ၊ ကမ္မဿကတာသမ္မာဒိဋ္ဌိလို့ဆိုတာ ရှိရမယ် အနည်းဆုံး၊ ကံ,ကံ၏အကျိုးကို လက်ခံယုံကြည်တဲ့

လက်ခံတဲ့၊ ကံ,ကံ၏အကျိုးကိုသိမြင်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ် ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ အခြေခံအကြောင်း တရားအဖြစ် ရှိရမယ်။

အဲဒါ ရှိလာပြီးတဲ့နောက်မှာ ဒီအသိဉာဏ်နဲ့ ပေါင်းစပ်လာပြီးတော့ မြတ်စွာဘုရားရဲ့အသိဉာဏ်ကို ယုံကြည်လာတယ်၊ ယုံကြည်လာသည့်အတွက်ကြောင့် မြတ်စွာဘုရားဟောတဲ့ တရားတော်တွေမှာ အလေး အနက် စဉ်းစားတယ်၊ အလေးအနက်စဉ်းစားပြီးတော့ မှတ်သားနာယူ အဓိပ္ပာယ်စဉ်းစား လေးနက်စွာ လိုက်နာ ကျင့်သုံးတယ်ဆိုတဲ့အဆင့်ကို ရောက်လာတယ်၊ ဒီလို ဆိုတာ။ အဲတော့ အသိဉာဏ်က ဆင့်ကဲဆင့်ကဲ တက် သွားတယ်၊ ဗုဒ္ဓဘာသာဝင်တွေ အသိဉာဏ်က ဆင့်ကဲ ဆင့်ကဲနောက်ဆုံးမှာ အသိဉာဏ်ကအဓိက **"ပညုတ္တရာ သဗ္ဗေ ဓမ္မာ"** သဘောတရားတွေအားလုံးထဲမှာ ပညာ ဟာ အထွက်တန်းအကျဆုံးပဲ အမြတ်ဆုံးပဲလို့ ဒီလို ပြောတာ၊ ပညာမှာ လမ်းဆုံးတာပဲ။

ဗုဒ္ဓဘာသာတရားတော်ဟာ သဒ္ဓါမှာ လမ်းဆုံးတာ မဟုတ်ဘူး, ပညာမှာ လမ်းဆုံးတယ်။ တခြား ဘာသာဝင်တွေက သဒ္ဓါမှာ လမ်းဆုံးတယ်၊ ယုံကြည်ရင်ပြီးရော ဘာမှစောဒက မတက်နဲ့၊ လက်ခံရမယ်၊ ယုံကြည်ရမယ် ဒါပဲ သူတို့က။ ဗုဒ္ဓဘာသာမှာ မြတ်စွာဘုရားက ယုံကြည်မှုကို ဒီလောက်ကြီး အားမပေးဘူး၊ ရှင်သာရိ-ပုတ္တရာကိုယ်တိုင်တောင်မှ တစ်ခါပြောတယ်၊ "**အသဒ္ဓေါ အကတညူ စ၊ သန္ဓိစ္ဆေဒေါ စ ယောနရော**"ဆိုတာ မြတ်စွာဘုရားက ရှင်သာရိပုတ္တရာကို သုံးတဲ့စကားလုံးလေး ကြည့် - **အသဒ္ဓေါ** – ယုံကြည်မှုကင်းမဲ့သူလို့ ဒီလိုသုံးတယ်၊ ကိုယ်တိုင်သိလို့ ကိုယ်တိုင်သိတဲ့အသိနဲ့ သိတာဟာ ယုံကြည်တာ မဟုတ်ဘူးလို့ ဒီလိုပြောတာပဲ၊ သာမန်အားဖြင့်တော့ **အသဒ္ဓေါ** – သဒ္ဓါကင်းမဲ့သူလို့ ဒီလိုဆိုလိုတာ။ သို့သော် ဒီနေရာမှာ **အသဒ္ဓေါ**–ကိုယ်ပိုင်ဉာဏ်နဲ့ သိထားသည့်အတွက်ကြောင့် သူများပြောတာကို ယုံတဲ့လူ မဟုတ်ဘူး။

တစ်ခါတုန်းက ဒီယုံကြည်မှုနဲ့ အသိဉာဏ်ကို မကွဲပြားတဲ့အခါမှာ ရောထွေးပြီးတော့ ပြောကြတယ်၊ ဗုဒ္ဓရဲ့ဥပသကာ အနာဂါမ် ဥပသကာ စိတ္တသူကြွယ် ဆိုတာ ရှိတယ်၊ အဲဒီ စိတ္တသူကြွယ်ဆိုတဲ့ အနာဂါမ် ဥပသကာကြီးက နိဂဏ္ဌနာဋပုတ္တဆိုတဲ့ ဗုဒ္ဓဘာသာနဲ့ ဆန့်ကျင်တဲ့ အယူဝါဒရှိတဲ့ နိဂဏ္ဌဂိုဏ်းဆရာကြီးနဲ့ တွေ့ဆုံတဲ့အခါမှာ နိဂဏ္ဌဂိုဏ်းဆရာကြီးက မေးတယ်၊ အတွေးမဲ့ စိတ်ကူးမဲ့တဲ့ သမာဓိဆိုတာ ရှိတယ်ဆိုတာ ယုံကြည်သလားလို့ဆိုတော့ စိတ္တသူကြွယ်ကပြောတယ် အတွေးမဲ့ စိတ်ကူးမဲ့ သမာဓိရှိတယ်ဆိုတာ သူမယုံဘူး တဲ့၊ ယုံတာမဟုတ်ဘူးလို့ သူကဖြေလိုက်တယ်၊ ဖြေလိုက် တော့ နိဂဏ္ဌနာဋပုတ္တက သဘောကျတယ်၊ ကြည့်-ရဟန်းဂေါတမက အတွေးမဲ့ စိတ်ကူးမဲ့ ကြံစည်မဲ့ သမာဓိရှိတယ်လို့ ဟောနေတာ အခု သူ့တပည့်က မယုံဘူး ပြောနေတယ်နော်၊ သူဟာ စိတ္တသူကြွယ်ဟာ အလွန်ရိုးဖြောင့်တယ်ပေါ့၊ အလွန်တော်တယ်၊ ကြည့် စမ်း- သူ့ဆရာက ရှိတယ် ဟောထားတာတောင် သူ

မယုံဘူးပြောတယ်ဆိုတော့ စိတ္တသူကြွယ်က ရှင်းပြတယ်၊ အတွေးမဲ့ ကြံစည်မှုမဲ့တဲ့ သမာဓိရှိတယ်ဆိုတာ တပည့်တော်ကိုယ်တိုင်သိတာတဲ့, ယုံတာမဟုတ်ဘူးလို့ ရှင်းတဲ့အခါကျတော့ အဲဒီကျတော့ စိတ္တသူကြွယ်ဟာ အလွန်ကောက်ကျစ်တယ်ဆိုပြီးတော့ ကဲ့ရဲ့ပြန်တယ်။

အဲဒီမှာ စိတ္တသူကြွယ်က သူ့ကို Challenge လုပ်တယ်၊ ခုနတုန်းကတော့ စိတ္တသူကြွယ် အလွန်ရိုးဖြောင့်တယ်လို့ပြောတယ်၊ အခုကျတော့ စိတ္တသူကြွယ်ကောက်ကျစ်တယ်လို့ ပြောပြန်တယ်၊ ရှေ့စကား မှန်တယ်ဆိုရင် နောက်စကားမှားပြီ၊ နောက်စကားမှန်တယ်ဆိုရင် ရှေ့စကားမှားပြီ၊ စကားနှစ်ခွ ပြောတယ်ဆိုပြီးတော့ သူ့ကို ပြန်ပြီးတော့ပြောတယ်၊ စိတ္တသံယုတ်မှာ မှတ်တာ၊ အဲဒီမှာ စိတ္တသူကြွယ် ပြောလိုရင်းက အဝိတက္ကအဝိစာရသမာဓိ၊ ဝိတက်လည်း မပါတဲ့ ဝိစာရလည်းမပါတဲ့ အတွေးလည်း မရှိဘူး၊ ဟုတ်လား စိတ်ကူးလည်းမရှိဘူး ကြံစည်မှုလည်း ကင်းမဲ့တဲ့ သမာဓိမျိုး ရှိတယ်ဆိုတာ သူကိုယ်တိုင်သိတယ်၊ ဒါကြောင့်မို့လို့

ယုံကြည်မှု မဟုတ်ဘူးလို့ သူကပြောလိုတာ၊ သူကိုယ်တိုင် ရ,ထားတာတဲ့၊ အဲဒါမျိုးဆိုရင်၊ ဒီတော့ သိတာနဲ့ယုံတာ က တခြားစီပဲ။

ယုံတယ်ဆိုတာ သူများစကားပေါ်မှာ အခြေခံ ရတာ၊ ဒါကြောင့်မို့ သောတာပန်ဖြစ်သွားရင်ကြည့်လေ **'အပရပ္ပစ္စယော'** တဲ့၊ အပရပ္ပစ္စယောဆိုတာ သူတစ်ပါး စကားကို ယုံရတာ မဟုတ်တော့ဘူးတဲ့၊ မယုံတော့ဘူး၊ ကိုယ်တိုင်သိတာ၊ သောတာပန်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်ဟာ ဒီယုံတယ်ဆိုတဲ့ဟာ သူ့မှာမရှိတော့ဘူး၊ ဒါ ယုံတယ် ဆိုတာ မရှိဘူး၊ သဒ္ဓါတရားကင်းမဲ့သွားတယ်လို့ ဒီလို ဆိုလိုတာ မဟုတ်ဘူးနော်၊ ကိုယ်ကိုယ်တိုင်သိတာ ဖြစ်သည့်အတွက်ကြောင့် ယုံတယ်ဆိုတာ မဟုတ်တော့ ဘူး၊ ဒါပြောတာနော်၊ ယုံတာနဲ့ သိတာဟာ အလွန် ကွာခြားတယ်၊ ယုံတယ်ဆိုတာ ကိုယ်မမြင်ရ ကိုယ်မသိ တဲ့အရာကို လက်ခံတာကို ယုံတယ်လို့ခေါ်တာ၊ သိတယ် ဆိုတာ ကိုယ်ကိုယ်တိုင်မြင်တယ် ကိုယ်ကိုယ်တိုင် တွေ့တယ် ဒီလိုဆိုလိုတာပေါ့။ အေး- ဒါကြောင့်မို့လို့

ဗုဒ္ဓဘာသာဖြစ်ဖို့ အခြေခံအကြောင်းတရားဆိုသည်မှာ သဒ္ဓါမဟုတ်ဘူး ပညာလို့ ဒီလိုပြောချင်တာပေါ့။ ဒီ ရှုထောင့်ကနေပြောတာ၊ သဒ္ဓါမဟုတ်ဘူး ပညာ။

အဲဒီပညာကို အခြေခံပြီးတော့မှ မြတ်စွာဘုရားရဲ့ အသိဉာဏ်ကိုယုံကြည်တယ်၊ **"သဒ္ဒဟတိ တထာဂတ-ဿ ဗောဓိံ"** ဘုရားကို ယုံကြည်သောအားဖြင့် ဘုရား ဟောတဲ့တရားပေါ်မှာ ယုံကြည်တယ်၊ ဘုရားရဲ့ တပည့် သာဝကသံဃာတွေကို ယုံကြည်တယ်၊ မြတ်စွာဘုရား၏ အဆုံးအမဖြစ်တဲ့ ကံတရားကို ယုံကြည်တယ်၊ ကံ၏ အကျိုးတရားကို ယုံကြည်တယ်၊ ဟော- ဖြစ်သွားတယ်၊ ကံ,ကံ၏အကျိုးကိုယုံကြည်တယ်ဆိုတာ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အသိဉာဏ်ပေါ်မှာ အခြေခံတဲ့ယုံကြည်မှုလို့ ဒီလိုပြောတာ။

ဒီတော့ ဗုဒ္ဓဘာသာမှာ သဒ္ဓါဆိုတာဟာ ဒီ ယုံကြည်မှုထားတယ်ဆိုတာ ချဉ်းကပ်ဖို့အတွက် ပြော တာ၊ မြတ်စွာဘုရားကို သဟမ္ပတိဗြဟ္မာကြီးကနေပြီး တော့ တရားတောင်းပန်တယ်လေ၊ တရားဟောပါ

လို့ဆိုတာ တရားမနာရလို့ရှိရင် ဆုတ်ယုတ်ကြပါလိမ့်မယ်၊ တရားကိုသိတဲ့ပုဂ္ဂိုလ်တွေ ရှိနိုင်ပါတယ်၊ မြတ်စွာဘုရား တရားဟောတော်မူပါလို့ဆိုတော့ မြတ်စွာဘုရားက ပြောတယ်လေ "ငါ နိဗ္ဗာန်တံခါးကြီး ဖွင့်လိုက်ပါပြီ" တဲ့နော်၊ "**အပါပုရေတံ အမတဿ ဒွါရံ**" နိဗ္ဗာန်တံခါးကြီး ဖွင့်လိုက်ပါပြီ၊ တရားဟောမယ်၊ သို့သော် "**ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ**" အသိပညာ နားရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ပညာရှိရုံနဲ့မရဘူး အသိပညာနား ရှိထားတဲ့ပုဂ္ဂိုလ်ဟာ၊ **သဒ္ဓံ ပမုဉ္စန္တု** -ယုံကြည်ချက်ကို သူ့ဆီ ပို့လွှတ်ထားပါလို့ မြတ်စွာဘုရားက၊ သူ့မယုံရင် သူ့စကား ဘယ်နားထောင်မှာတုန်း။

ဘုရားကိုယုံတာဟာ စကားနားထောင်ဖို့ အတွက် ပဲနော်၊ ဆိုကြပါစို့ - ဥပမာတစ်ခုပြောရမယ်ဆိုရင် ဆရာဝန်ကို မယုံဘူးဆိုရင် ဆရာဝန်ပေးတဲ့ဆေး သောက်ပါ့မလား၊ ဆရာဝန်ပေးတဲ့ဆေး သောက်တယ် ဆိုတာ ဆရာဝန်ကိုယုံလို့ သောက်တာလေ၊ အဲဒါမျိုးလိုပဲ မြတ်စွာဘုရားက "**ယေ သောတဝန္တော ပမုဉ္စန္တု သဒ္ဓံ**"

ငှါအပေါ်မှာ ယုံကြည်ချက်ကို စေလွှတ်ကြ၊ လွှတ်ထားလို့ ဒီလိုပြောတာ၊ တိပိဋကဓရဆရာတော်ကြီးကတော့ **ပမုစ္စန္တု**ကို သူက သဒ္ဓါတည်းဟူသော အထုပ်ကြီးကို ဖြေထားကြလို့ ဒီလိုပြန်တယ်၊ **"သဒ္ဓါ ဘာဇနံ ဥပနေတု"** ဆိုတဲ့ အဋ္ဌကထာကိုကြည့်၊ သဒ္ဓါဆိုတဲ့ခွက်ကို အဆင်သင့် လုပ်ထားကြ၊ ဘုရားကပေးမယ့်တရားတွေ ခံယူဖို့ လို့ဆိုတဲ့ အဓိပ္ပာယ်ဖွင့်တယ်၊ အဲဒီမှာ သဒ္ဓါတရားရှိခြင်းအားဖြင့် မြတ်စွာဘုရားစကားကို လက်ခံတယ်။

မှန်တယ်လေ၊ မြတ်စွာဘုရားက တရားဦးဟောဖို့ ဗာရာဏသီကို ကြွသွားတယ်၊ ဣသိပတန ရောက်တော့ ပဉ္စဝဂ္ဂီတွေက ဘုရားဖြစ်တယ်ဆိုတာ လက်မှမခံတာ၊ မြတ်စွာဘုရားတောင် ဆက်ဆံတာ တန်းတူရည်တူ ဆက်ဆံတယ်၊ **"အာဝုသော ဂေါတမ"** တဲ့၊ **အာဝုသော** ဆိုတဲ့စကားလုံးကို အင်္ဂလိပ်တွေ ပြန်တဲ့အခါမှာ friend တဲ့၊ မိတ်ဆွေဂေါတမ၊ သူငယ်ချင်း ဂေါတမလို့ပြောတဲ့ အဓိပ္ပာယ်၊ ကိုယ်နဲ့ တန်းတူရည်တူ ဆက်ဆံပြီးတော့ ပြောတာ၊ ဟိုတုန်းက အကြီးအကျယ်ကြိုးစားတုန်းက၊

အရိုးကြေကြေ အရည်ခမ်းခမ်း ကြိုးစားတုန်းကတောင် မှပဲ တရားထူးတရားမြတ်မရတာ၊ အခုလို လျှောက်သွား နေ ဘယ်ရမှာတုန်း၊ ဟော- မယုံဘူး၊ ဘုရားကို မယုံဘူး၊ သုံးကြိမ်တိုင် ငြင်းပယ်ကြတယ်၊ မယုံတဲ့ပုဂ္ဂိုလ်ကို ဘုရား က တရားဟောရင် ရမှာမဟုတ်ဘူး၊ ဒါကြောင့်မို့ နောက်ဆုံးမှာ မြတ်စွာဘုရားက နေပါဦးတဲ့၊ မင်းတို့ စဉ်းစားကြည့်၊ ၆-နှစ်ပတ်လုံး ဒုက္ကရစရိယကျင့်နေ တုန်းက ငါရတော့မယ် စိတ်မပျက်ကြနဲ့ ရတော့မှာ ဆိုတာကို ငါဘယ်တုန်းကများ ပြောဖူးလဲဆိုတော့ အဲဒီ ကျတော့မှ ပဥ္စဝဂ္ဂီတွေက သဘောပေါက်သွားပြီး မြတ်စွာဘုရားပေါ်မှာ လက်ခံယုံကြည်မှုတွေ ဖြစ်ပေါ် လာတယ်၊ လက်ခံယုံကြည်ပြီဆိုတော့မှ မြတ်စွာဘုရား က **"ဒွေ မေ ဘိက္ခဝေ အန္တာ"** ဆိုပြီးတော့ ရှောင်ရ မှာတွေကို စတင်ပြီးတော့ဟောတာ၊ အားလုံးသိတဲ့ အတိုင်း ဓမ္မစကြာတရား စဟောတာ။

ဒီတော့ ယုံကြည်မှုဆိုသည်မှာ လက်ခံဖို့အတွက် ဖြစ်တယ်၊ သို့သော် အဲဒီယုံကြည်မှုကို အခြေခံပြီးတော့

ရလာတဲ့အသိဉာဏ်ကသာလျှင် တန်ဖိုးနော်၊ ဒါကြောင့်မို့လို့ မြတ်စွာဘုရားအပေါ်မှာ ယုံကြည်လက်ခံတဲ့ အရှင်ကောဏ္ဍည သစ္စာ ၄-ပါးကို ရှင်းပြလိုက်တဲ့အခါမှာ သဘောပေါက်သွားပြီး "**ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ**" ဆိုတဲ့ ထူးခြားတဲ့ ဓမ္မအမြင်တစ်ခု သူ့မှာရပြီး ဓမ္မစက္ခုဆိုတဲ့ ပညာမျက်စိရရှိပြီးတော့သွားတယ်၊ သဒ္ဓါရတာမဟုတ်ဘူး, ပညာရတာ၊ စဉ်းစားကြည့် သဒ္ဓါဆိုတာကို ဣန္ဒြေ ၅-ပါး ဗိုလ် ၅-ပါးထဲမှာ လိုအပ်သည့်အတွက် မြတ်စွာဘုရားထည့်ထားသော်လည်းပဲ အဓိကက ဗုဒ္ဓရဲ့တရားတော်မှာ "**ပညုတ္တရာ သဗ္ဗေ ဓမ္မာ**" လို့ဆိုတဲ့အတိုင်း ပညာဟာ အကောင်းဆုံး အမြတ်ဆုံးပဲ ဖြစ်တယ်နော်။

ဒါကြောင့်မို့ ဓမ္မစကြာတရားဟောလို့ ရသွားတာ၊ ဘာရသွားတုန်း၊ ပညာရသွားတာ။ ဘာပညာတုန်းလို့ ဆိုရင် ဓမ္မစက္ခုဆိုတဲ့ပညာ၊ အဲဒီမှာ သဒ္ဓါဆိုတာတောင် ဖယ်လိုက်သေးတယ်၊ '**အပရပ္ပစ္စယော**' တဲ့ သူများစကား ယုံတဲ့ပုဂ္ဂိုလ် မဟုတ်တော့ဘူးတဲ့၊ **ဝိဂတကထံကထော**–

သို့လောသို့လော တွေးတောယုံမှားမှုတွေ ကင်းတယ်၊ **ဝေသာရဇ္ဇပ္ပတ္တော**–ရဲရဲဝံ့ဝံ့ ဆုံးဖြတ်နိုင်တဲ့အနေအထားမျိုး ရောက်သွားတယ်၊ ပညာရှိလို့ ရဲရဲဝံ့ဝံ့ဆုံးဖြတ်တာလေ၊ ပညာရသွားတာ၊ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်တယ်၊ **"ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မံ"** ဖြစ်ခြင်းသဘော ရှိတဲ့တရားမှန်သမျှဟာ ချုပ်ခြင်းသဘောရှိတယ်ဆိုတာ လုံးဝဆုံးဖြတ်ချက်ချသွားတယ်၊ အသိဉာဏ်။ ယုံကြည်တာ မဟုတ်ဘူး၊ အသိဉာဏ်။ ဒါကြောင့်မို့ ဗုဒ္ဓဘာသာ ဖြစ်ရန် အခြေခံတရားဆိုသည်မှာ **ကမ္မဿကတာ–သမ္မာဒိဋ္ဌိ**ဆိုတဲ့ ပညာပဲလို့ အခြေခံဒီလိုမှတ်သားရမယ်။

အဲဒီ ကမ္မဿကတာသမ္မာဒိဋ္ဌိ အခြေခံပြီးတော့ မြတ်စွာဘုရားရဲ့ အသိဉာဏ်ကို ယုံကြည်တယ်ဆိုတဲ့ သဒ္ဓါ၊ အဲဒီသဒ္ဓါတရားကို အခြေခံပြီး အသိဉာဏ်နဲ့ ပေါင်းစပ်ပြီး ဘုရားကို နှစ်နှစ်ကာကာ ယုံကြည်တယ်၊ တရားကို နှစ်နှစ်ကာကာ ယုံကြည်တယ်၊ သံဃာကို နှစ်နှစ်ကာကာ ယုံကြည်တယ်၊ အဲဒီလို ယုံကြည်မှုတွေ

နော်၊ ဆုံးဖြတ်မှုနဲ့ ယုံကြည်မှု၊ အသိနဲ့ ဆုံးဖြတ်တဲ့ ယုံကြည်မှုတွေ။

သဒ္ဓါဆိုတာ နောက်ပိုင်းကျတော့ ယုံတယ်ဆိုတာထက် ဆုံးဖြတ်တာ ဆိုတဲ့အဓိပ္ပာယ် ယူသွားတယ်၊ အဓိမောက္ခဆိုတာ အဲဒါပဲ၊ သဒ္ဓါကို **အဓိမောက္ခ**လို့ သုံးတယ်လေ၊ **ဥပက္ကိလေသာ ဝိပဿနုပက္ကိလေသာ**ထဲမှာ သဒ္ဓါကို အဓိမောက္ခလို့ သုံးတယ်၊ အဓိမောက္ခဆိုတာ ဆုံးဖြတ်တာကိုပြောတာ၊ သေသေချာချာ အသိဉာဏ်နဲ့ သိထားတဲ့ပုဂ္ဂိုလ်ဟာ သို့လောသို့လော မဖြစ်တော့ဘဲနဲ့ လုံးဝ ဆုံးဖြတ်ချက်ချနိုင်တာ အဓိမောက္ခ၊ သဒ္ဓါကို ကောက်တာပဲ၊ အဲဒီလို ဆုံးဖြတ်နိုင်စွမ်းရှိသွားတယ်။

မဂ္ဂင်(၈)ပါးကို မြတ်စွာဘုရား ဟောတဲ့အခါမှာ **သမ္မာဒိဋ္ဌိ** ဆိုတဲ့ အသိဉာဏ်ကိုရှေ့တန်းတင်ပြီးတော့ နောက်က ဘာတွေ ထည့်ဟောတုန်းဆိုတော့ **သမ္မာသင်္ကပ္ပ**– အသိဉာဏ်ကိုအထောက်အကူပြုတဲ့ မှန်ကန်တဲ့အတွေး။ လောကလူတွေက တွေးပြီးမှ ပြောတာဖြစ်သောကြောင့် **သမ္မာဝါစာ**။ ကိုယ်ကျင့်သီလ၊

ပြောတဲ့အတိုင်း လုပ်ကြတာ ဖြစ်သောကြောင့် **သမ္မာ ကမ္မန္တ**။ မှန်ကန်တဲ့လုပ်ရပ်၊ အပြောနဲ့အလုပ် အသက်မွေးတာဖြစ်သောကြောင့် **သမ္မာအာဇီဝ**-မှန်ကန်တဲ့ အသက်မွေးမှု။ အေး- မှန်ကန်တဲ့အသက်မွေးမှုလုပ်တဲ့ ပုဂ္ဂိုလ်တိုင်း ပျင်းနေလို့မရဘူး၊ **သမ္မာဝါယာမ**– ကြိုးပမ်းအားထုတ်မှု၊ ကြိုးပမ်းအားထုတ်ပြီ ဆိုလို့ရှိရင် သတိထားရမှာဖြစ်လို့ **သမ္မာသတိ၊** စိတ်ဓာတ်တည်ငြိမ်မှသာ အသိဉာဏ်ဖွံ့ဖြိုးနိုင်တာ ဖြစ်သောကြောင့် **သမ္မာ– သမာဓိ**လို့ ဆိုတာ၊ မဂ္ဂင်(၈) ပါး အကျင့်တရားလို့ဆိုတာ ဟောတဲ့ထဲမှာ သဒ္ဓါ မပါဘူး၊ ပညာနဲ့ သွားတာနော်၊ သီလ သမာဓိ ပညာ ဆိုတာ တစ်ခုနဲ့တစ်ခု ဆက်စပ်ပြီးတော့ အခုလို နိဗ္ဗာန်ထိအောင် ပို့ဆောင်နိုင်တဲ့ ဒီအရည်အချင်းတွေ၊ သမ္မာဒိဋ္ဌိကနေစပြီး သမ္မာဒိဋ္ဌိမှာ လမ်းဆုံးတယ်လို့ပဲ ပြောရမှာပဲ။

ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတဲ့ မှန်ကန်တဲ့ အမြင်တစ်ခုကို အခြေခံပြီးတော့ ဗုဒ္ဓဘာသာဖြစ်တယ်၊ ဗုဒ္ဓဘာသာဖြစ်ပြီးတော့ အသိဉာဏ်နဲ့ ပေါင်းစပ်တဲ့

ယုံကြည်မှုတွေနဲ့ မြတ်စွာဘုရားကို ချဉ်းကပ်တယ်၊ ချဉ်းကပ်လို့ တရားဓမ္မတွေနာတယ်၊ နာတော့ အသိဉာဏ်တွေ ရပြန်တယ်၊ ရတဲ့အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်တယ်၊ ကျင့်ကြံကြိုးကုတ်အားထုတ်လို့ လက်တွေ့အသိဉာဏ်တွေ တစ်ခါ ရလာပြန်တယ် ဆိုတော့ ဟော- အသိဉာဏ်တွေက တစ်ခုပြီးတစ်ခု ဆက်တိုက် မြင့်သထက်မြင့်လာပြီး နောက်ဆုံး အရဟတ္တမဂ် အရဟတ္တဖိုလ်ဆိုတဲ့ အသိဉာဏ်ထိအောင် ရရှိသွားပြီဆိုရင် သံသရာဝဋ်ဆင်းရဲက လွတ်ကင်းနိုင်တဲ့ အဆင့်ကို ရောက်သွားတာတဲ့။

ဒါကြောင့်မို့ ဗုဒ္ဓဘာသာဖြစ်ရန်အခြေခံ ဆိုသည်မှာလည်း **ကမ္မဿကတာသမ္မာဒိဋ္ဌိ**ပဲ ဆိုတာကို မှတ်သားနာယူကြရမှာဖြစ်တယ်။ တရားချစ်ခင် သူတော်စင်အပေါင်းတို့ မိမိတို့ကိုယ်တိုင် အရာခပ်သိမ်းကို ဆင်ခြင်စဉ်းစားတတ်တဲ့ အသိဉာဏ်ရအောင် အခုလို တရားပွဲတွေလုပ်ပြီး တရားနာကြတာ ဖြစ်တယ်ပေါ့၊ တရားပွဲက ရတဲ့ အသိဉာဏ်တွေနဲ့ မိမိတို့ဘဝခရီးကို မှန်ကန်တဲ့

လမ်းကြောင်းကနေ လျှောက်လှမ်းတတ်ဖို့ အသိဉာဏ်တွေရဖို့ ဆည်းပူးအားထုတ်ကြဖို့ ဗုဒ္ဓရဲ့တရားတော်အရ အသိဉာဏ်ရဖို့ဟာ အင်မတန်မှ အရေးပါတယ်ဆိုတာကို ကိုယ်စီကိုယ်စီ မှတ်သားနာယူပြီး မှန်ကန်တဲ့ အသိတရားတွေ ရရှိအောင် ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇေမျှ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူ့ဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသ တဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမဂ္ဂ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိအတ္တနောနာထော

၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်

၄၀။ ဟောသူ နာသူ စိတ်ထားဖြူ

၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြွေးမှာဝင့်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုပ္ဖဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပယ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား